လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party for a New Society(DPNS)

# ညီညွတ်ရေးလက်တွေ့ကို



# အလုပ်နဲ့သက်သေထူကြ

အတွဲ ၃၊ အမှတ် ၆

ဇန်နဝါရီလ၊ ၂၀၂၂။

# လူမျိုးစုံမြန်မာပြည်သူများသို့နှစ်သစ်ကူးနှုတ်ဆက်စကား

ချစ်ခင်လေးစားအပ်ပါတဲ့ မြန်မာပြည်သူအပေါင်းကို ခရစ်နှစ် ၂၀၂၂ ရဲ့ ပထမဆုံးရက်မှာ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ မင်္ဂလာနှုတ်ခွန်းဆက် သဝဏ်လွှာ ပေးပို့အပ်ပါတယ်။

ထုံးတမ်းစဉ်လာအရ မင်္ဂလာအခါသမယရယ်လို့ဆိုရတဲ့ နှစ်ဟောင်းကုန် နှစ်သစ်စတဲ့ရက်ကို ရောက်ခဲ့ပြီ ဖြစ်ပါတယ်။ ကပ်လျက်ဖြစ်တဲ့ ၂၀၂၁ တစ်နှစ်တာကာလမှာ မိမိတို့တိုင်းပြည် လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ လက်တွေ့ ဖြတ်သန်းကြရမှုဟာ မိုက်မဲတဲ့စစ်အာဏာသိမ်း လူရမ်းကားတစုရဲ့ အစွမ်းကုန် ရမ်းကားရက်စက်မှုများအောက်က ဖြတ်ကြရတာ ဖြစ်နေပါတယ်။

**AAPP – B** (မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း) ရဲ့ စာရင်းဇယား တွေအရဆိုရင် ဖေဖော်ဝါရီ ၁ ရက်ကနေ၊ ဒီဇင်ဘာ ၂၉ ရက်နေ့အထိ အာဏာသိမ်းစစ်အုပ်စုရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ကြရသူ (၁၃၈၂) ဦးလို့ သိရပါတယ်။ ဖမ်းဆီးထိန်းသိမ်းခံရသူ (၈၃၃၁) ဦးမှာ (၄၈၇)ဦးကို ပြစ်ဒဏ်စီရင်ထားပြီး သေဒဏ် (၃၉) ဦး ပေးထားပါတယ်။ သေဒဏ်ကျခံရသူတွေထဲက ၂ ဦးက ၁၈ နှစ် မပြည့်သေး သူတွေပါ။ မျက်ကွယ် ပြစ်ဒဏ် စီရင်ခံရသူ (၁၁၈) ဦး ရှိတယ်လို့ သိရပါတယ်။ **ISP Myanmar** (မြန်မာ့မဟာ ဗျူဟာနှင့် နိုင်ငံရေးလေ့လာရေး အင်စတီကျု)က ဖော်ပြတဲ့ အချက်အလက်အရဆိုရင် စစ်ဘေးဒုက္ခသည် အရေအတွက်ဟာ (၃၉၀၀၀၀) ကျော် ရှိနေပြီဖြစ်တယ်။ ဒီကိန်းဂဏန်းများဟာ လက်တွေ့ထက် လျော့နည်း နိုင်တယ်လို့လည်း မှတ်ချက်ပြုထားပါသေးတယ်။ တကယ်က သေဆုံးသူတွေအားလုံးဟာ ရင်ဆိုင်တိုက်ခိုက် ကျဆုံးတာ မဟုတ်ပါ။ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံရသူတွေ၊ စစ်ကြောရေးနဲ့ အကျဉ်းထောင်တွေထဲ တရား လက်လွတ် ညှဉ်းပမ်းသတ်ဖြတ်ခံရသူတွေ ပါဝင်နေတာပါ။

ဒါပေမယ့် တခြားတစ်ဖက်က ကြည့်ရင် အာဏာသိမ်းစစ်အုပ်စုရဲ့ ဒီမိုက်မဲ ရမ်းကားမှုတွေဟာ လူမျိုးစုံ မြန်မာပြည်သူတရပ်လုံးကို စစ်အာဏာရှင် အမြစ်ဖြတ်သုတ်သင်ရေးဆိုတဲ့ မှန်ကန်တဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်ကို သေသေချာချာ တွန်းပို့ရောက်ရှိစေခဲ့ပါတယ်။ စစ်အာဏာရှင် အမြစ်ဖြတ်သုတ်သင်ရေးဆိုတဲ့ အသက်တွေ ဘဝတွေ ရင်းနှီး ရုန်းကန်ကြမှုကြီးကပဲ လူမျိုးစုံမြန်မာပြည်သူတွေကြား ညီညွတ်ရေးတည်ဆောက်နိုင်ဖို့ မကြုံစဖူး အခွင့်ထူး ကြီးကို ဖန်တီးပေးခဲ့တယ်လို့ မိမိတို့ပါတီက သုံးသပ် ခံယူမိပါတယ်။

ဒါ့ကြောင့် "မင်္ဂလာပါ ၂၀၂၂" ရယ်လို့ တကယ်တမ်း ကြွေးကြော်ဆိုနိုင်ကြဖို့ဆိုရင်တော့ မိမိတို့ပြည်သူတွေ အားလုံး ကိုယ်တိုင်ကိုယ်ကျ အားထုတ် ရုန်းကန်ကြရလိမ့်မယ်ဆိုရင် မမှားပါဘူး။ မင်္ဂလာရှိတဲ့ နှစ်သစ်တနှစ်ကို မိမိတို့ လူမျိုးပေါင်းစုံပြည်သူများရဲ့ သွေးစည်းညီညွတ်မှုအားနဲ့ မိမိတို့ကိုယ်တိုင် လက်တွေ့ဖန်တီး တည်ဆောက်ကြရ တော့မှာ ဖြစ်ပါတယ်။

ချစ်ခင် လေးစားအပ်ပါတဲ့ မြန်မာပြည်သူအပေါင်းတို့ ....

၂၀၂၂ နှစ်သစ်ကို မင်္ဂလာနှစ်သစ်တစ်နှစ်အဖြစ် လက်တွဲ ဖန်တီးကြပါစို့။

စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးကို ဆုံးခန်းတိုင် အောင်ပွဲခံဖို့ သွေးစည်းညီညွတ်တဲ့ လူထုအားနဲ့ တိုက်ပွဲဝင်ကြပါစို့။ ။

**"စစ်အာဏာရှင်စနစ် မုချ ကျဆုံးစေရမည်။"**

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၁ ရက်





# ဒေါင်းရဲ့တချို့နဲ့ ချပ်ရဲ့များ

အစေ့ကျရာ အပင်ပေါက်ပေမဲ့
ဘယ်နေရာမှ
အမြစ်မတွယ်ချင်တဲ့စိတ်က
ချောင်းထဲ မျှောပေးလိုက်တဲ့
ဆံပင်ရှည်တွေကိုလွမ်းနေတုန်း

ဘဝကို
ဖန်ခွက်ထဲမှောသောက်သွားတဲ့ သူငယ်ချင်း
ငိုညည်းသံတွေရှိတဲ့အရပ်ကို
ပြန်မလာနိုင်တဲ့ မင်းလွတ်မြောက်မှုကို
ငါ့မှာ သတိတွေရ

အမှောင်ထုတွေပြည့်နေတဲ့ နိုင်ငံမှာ
အုံကြွလာတဲ့မီးခိုးတွေဟာ
ဝဲလှည့် ကျဲပြန့်လို့
အာဏာရှင်ကို
အက်ကြောင်းထ ထိုးခွဲလိုက်တယ်

ငေါထွက်လာတဲ့ အမှန်တရားက
ဘယ်သွေးနဲ့ခွဲခွဲ ကြဲမသွားမယ့် ခေတ်များ ။ ။

**–ဆလိုင်းနွေ**






မြန်မာနိုင်ငံရဲ့ သမိုင်းတောက်လျှောက်မှာ ညီညွတ်ရေးလို့ ပြောကြတဲ့အခါ "ဖက်ဆစ်တော်လှန်ရေး ကာလ"ကိုသာ ညွှန်းလေ့ရှိတယ်။ သို့သော် ဒီညီညွတ်ရေးကလည်း လွတ်လပ်ရေးနဲ့အတူ ပြိုကွဲခဲ့ရပြန်တယ်။ လွတ်လပ်ရေးနဲ့အတူပဲ အမျိုးသားအသီးသီးအကြားကညီညွတ်ရေး ပြိုကွဲခဲ့ရပြန်တယ်။

ပြည်တွင်းစစ်မီးက ဝါဒရေး၊ အမျိုးသားရေးအခြေခံနဲ့ တောက်လောင်လာခဲ့ရတယ်။ ကနေ့အထိလည်းမငြိမ်း...။ ပြည်တွင်းစစ် မီးထဲမယ်ပဲ အမြစ်တွယ်ရင့်ထော်လာတဲ့ စစ်အာဏာရှင်စနစ်က ကနေ့ဆိုရင် ဖက်ဆစ် အသွင်တောင် ဆောင်လာပြီဖြစ်တယ်။ စစ်မီးကလည်း တတိုင်းပြည်လုံး အသွင်လက္ခဏာဆောင်နေပြီ ဖြစ်တယ်။ ဖက်ဆစ်တပ်က ပြည်သူတွေ နောက်ကိုတွန့်သွားကြမယ်အထင်နဲ့ ရွာမီးရှို့၊ လူသတ်၊ ကလေးငယ်ပါမကျန် ရက်ရက်စက်စက်သတ်၊ မြို့ပေါ်တွေမှာလည်း ဆန္ဒပြလူငယ်တွေကို ရက်ရက်စက်စက် ချေမှုန်းလုပ်နေပါတယ်။ ပြည်သူ တွေနဲ့ ခုခံတော်လှန်သူတွေက နောက်မတွန့်တဲ့အပြင် ဖက်ဆစ်တပ်ကို မြေမြှုပ်ရမယ်၊ မောင်းထုတ်ရမယ်ဆိုတဲ့ သံမဏိဌာန် ပိုပို ခိုင်မာလာကြတယ်။

အမှန်တကယ်ပဲ တတိုင်းပြည်လုံး တောရော မြို့နေလူတန်းစား အလွှာစုံ၊ တောင်ပေါ် မြေပြန့်လူမျိုးစုံ အုံကြွတော်လှန်နေကြတာဖြစ်တယ်။

++++++++++++++ ဆောင်းပါး ++++++++++++++

ဖက်ဆစ်ဆန်တဲ့ စစ်အာဏာရှင်တွေကို တောထုတ်တဲ့၊ မောင်းထုတ်တဲ့ ကနေ့ပွဲဟာ ပထမအကြိမ် ဂျပန်ဖက်ဆစ်တွေကိုတော်လှန်တဲ့ တော်လှန်ရေးကာလကဲ့သို့ပဲ အမျိုးသားအသီးသီးအကြားက လူထုလူတန်းစား အလွှာအသီးသီးကြားက တူညီတဲ့စိတ်ဓာတ်ကို အားလုံးက တွေ့နေကြရတယ်။ ပထမအကြိမ် ဖက်ဆစ်တိုက်ဖျက်ရေးကာလကလို အမျိုးသားသွေးစည်းညီညွတ်မှု အမြုတေကို တွေ့နေရပြီ ဖြစ်တယ်။

ဒီတကြိမ် ထူးခြားမှုက အနာဂတ်ပြည်ထောင်စုကို ဘယ်လိုပုံဖော်ချင်တယ်ဆိုတာကိုပါ ပြည်သူအသီးသီးက လမ်းပြပြီး ဖြစ်တယ်။ "ဖက်ဒရယ်ဒီမိုကရေစီ" လူမျိုးစုံပြည်သူတွေက လမ်းပေါ်ထွက်ရင်း တောထဲ တောင်ထဲသေနတ်ဆွဲရင်း တောင်းဆိုပြီး တည်ဆောက်ရမယ့် အနာဂတ်ကို လမ်းညွှန်ပြီး ဖြစ်တယ်။

ကနေ့ နွေဦးတော်လှန်ရေးအတွင်း စုစည်းမိလိုက်တဲ့ ကျနော်တို့ရဲ့ အမျိုးသားအသီးသီးအကြားက သွေးစည်းညီညွတ်မှုဟာ ပထမအကြိမ် ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွင်းမှာ ရရှိခဲ့တဲ့ ညီညွတ်ရေးကဲ့သို့ ဆိုတာထက် ပိုမို ခိုင်မာလိမ့်မယ်။ ပိုမို ရှည်ကြာလိမ့်မယ်။ တိုးချဲ့သွားဘို့ပဲ ကျနော်တို့အားလုံး သတိချပ်ကြရလိမ့်မယ်။

## ဘာကြောင့်လဲ?

စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှစ်စနစ်အားလုံးကို ဖျက်သိမ်းမယ်။ ဖက်ဒရယ်ဒီမိုကရေစီကို အတူတကွတည်ဆောက်ကြမယ်ဆိုတဲ့ လတ်တလောနဲ့ရေရှည် တည်ဆောက်ရေး အမြင်တွေမယ် တတိုင်းပြည်လုံး၊ အလွှာအတန်းအစားတွေအကြား လူမျိုးစုံ ပြည်သူအသီးသီးအကြား တူညီနေကြလို့ပဲ ဖြစ်တယ်။ ဒီတခါ စစ်အာဏာရှင်စနစ်ကို ဖယ်ထုတ်ဖို့ကြိုးစားရင်း ကျနော်တို့ရရှိနေတဲ့ ညီညွတ်ရေးကို ထိန်းသိမ်းရင်း ကျနော်တို့ တိုင်းပြည်ရဲ့ အမျိုးသားသွေးစည်းညီညွတ်မှုကို အမိအရ ဆုပ်ကိုင်နိုင်ကြလိမ့်မယ်။

အရေးတော်ပုံ....အောင်ရမယ်....

– နိုင် –

---

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များနှင့် လူ့ဘောင်သစ်လူငယ်များ ယနေ့အချိန်အထိ လမ်းပေါ်တွင်သပိတ်မှောက်လျှက်ရှိ



စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အထွေထွေ သပိတ်ကော်မတီ-GSC နှင့်အတူ အဖွဲ့ အစည်းများ မြို့နယ်သပိတ်ကော်မတီများ ပူးပေါင်းပြီး ပြောက်ကျားသပိတ်များ ဆင်နွဲလျှက်ရှိပါတယ်။ ၁၈-၁-၂၀၂၂ နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းပေါ်တွင် ပြုလုပ်ခဲ့သည့် ပြောက်ကျားသပိတ်တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များနှင့် လူ့ဘောင်သစ်လူငယ်များ ပါဝင်ခဲ့ကြပါတယ်။ စစ်အာဏာရှင်တော်လှန်ရေးလှုပ်ရှားမှုများမှာ ဖေဖော်ဝါရီလ(၁)ရက်နေ့ကတည်းက ယနေ့အချိန်အထိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် လူ့ဘောင်သစ်လူငယ်များက ဆက်တိုက်ပါဝင်နေတာဖြစ်ပါတယ်။

- DPNS သတင်း

++++++++++++++ ဆောင်းပါး ++++++++++++++

# အနီထဲက ကြယ်ဖြူပွင့်များ ကောင်းကင်တပြင်လုံး လင်းလက်တောက်ပ

လွန်းနွေဦးမိုး

ကျနော်တို့နိုင်ငံ သူ့ကျွန်ဘဝကနေ လွတ်မြောက်ခဲ့တာ ၄၊၁၊၂၀၂၂ ရက်နေ့မှာ ၇၄ နှစ်တိတိ ပြည့်ပါတယ်။ ဗြိတိသျှနယ်ချဲ့သမားနှင့် ဂျပန်ဖက်ဆစ်တပ်တွေကို လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံးက ညီညီညွတ်ညွတ်နဲ့ ရေရှည်တိုက်ပွဲဆင်ပြီး အချုပ်အခြာအာဏာနဲ့ အမျိုးသားလွတ်လပ်ရေးကို ၄၊၁၊၁၉၄၈ ရက်နေ့မှာ ပြန်လည်ရယူခဲ့ကြတာ ဖြစ်ပါတယ်။

***ကျနော့်မှာ မေးခွန်းရှိပါတယ်။***

လွတ်လပ်ရေးရဲ့အရသာ၊ လွတ်လပ်ရေးရဲ့အောင်သီးအောင်ပွင့်တွေကို အသက်တွေဘဝတွေရင်းပြီး တိုက်ခဲ့ကြတဲ့ လူမျိုးစုံပြည်သူလူထုကြီးက ဘယ်လောက်ခံစားခွင့် ရခဲ့ပါသလဲ။ ၇၄ နှစ်ဆိုတဲ့ နှစ်ကာလ ရှည်ကြီးထဲမှာ ဘယ်နှနှစ်များ ဒါမှမဟုတ် ဘယ်နှရက်များ ခံစားခွင့် ရခဲ့ပါသလဲ။ ကျနော့်အမြင် ပြောပါ့မယ်။ ပြည်သူလူထုကြီးက ပြည့်ပြည့်ဝဝခံစားခွင့် တစ်ရက်ဆိုတစ်ရက်မှ မရရှိခဲ့ကြပါဘူး။

***ဘာကြောင့်လဲ။***

လွတ်လပ်ရေးရယူပြီးစ အာဏာရအစိုးရက အာဏာအရပ်ရပ်နဲ့ လုပ်ပိုင်ခွင့်အလုံးစုံကို ရယူသိမ်းပိုက်ခဲ့တာကြောင့် လူမျိုးစုံပြည်သူလူထုအသီးသီးဟာ ဒီမိုကရေစီလည်းမရှိ၊ အမျိုးသားတန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လည်းမရ ဖြစ်ခဲ့ကြရတာက စပါတယ်။ ဒါကြောင့်ပဲ လွတ်လပ်ရေးရပြီး ၂လနဲ့ ၂၄ ရက်အကြာမှာ ပြည်တွင်းစစ်ကြီး စတင်ဖြစ်ခဲ့ကြရတယ်။ အဲဒီ ပြည်တွင်းစစ်ကြီးက ကနေ့အထိ ရှည်ကြာခဲ့ရပါတယ်။

ပြည်တွင်းစစ် ကြီးထွားလာတာနဲ့အမျှ သဘာဝကျစွာပဲ စစ်တပ်ရဲ့ အခန်းကဏ္ဍက တစတစကြီးလာခဲ့တယ်။ ကြီးထွားလာတဲ့တပ်ကို အဲဒီကာလ စစ်ဦးစီးချုပ်ဖြစ်တဲ့ ဗိုလ်နေဝင်းက သူ့ရဲ့တစ်လက်ကိုင်ကြေးစားတပ်အဖြစ် ပြောင်းလဲပစ်ပြီး စစ်အာဏာရှင်စနစ်ကို ပြောင်အတိအလင်း ကျင့်သုံးခဲ့တာကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ လူမျိုးစုံပြည်သူတရပ်လုံးဟာ စစ်ကျွန်ဘဝကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ကစပြီး လုံးလုံးကျရောက်သွားခဲ့ရတယ်။

ဗိုလ်နေဝင်း၊ ဗိုလ်စန်းယု ခေတ်ကာလကနေ ဗိုလ်မင်းအောင်လှိုင်၊ ဗိုလ်စိုးဝင်းတို့ရဲ့ ကနေ့ကာလအထိ ဒိုင်းလွှား အမျိုးမျိုးကာပြီး စစ်အာဏာရှင်စနစ်ကို အခိုင်အမာ တည်ဆောက်ခဲ့ကြတယ်။ အကောင်ကြီးလာလေ အစွယ်ရှည်လာလေ ဖြစ်တာမို့ လွတ်လပ်ရေးသက်တမ်း ၇၄ နှစ် ပြည့်တဲ့ ဒီကနေ့မှာ လူထုအပေါ် လုယက်သွေးစုပ်မှုနဲ့ ဖိနှိပ်ရမ်းကားမှုတွေက အပက်စက်ဆုံး၊ အကြမ်းတမ်းဆုံး၊ လူမဆန်ဆုံးနဲ့ အရိုင်းစိုင်းဆုံးအဆင့်ထိ ရောက်လာခဲ့ပါပြီ။

++++++++++++++ ဆောင်းပါး ++++++++++++++

***ကျနော်တို့ဘာလုပ်ကြမလဲ။***

ကိုလိုနီနယ်ချဲ့သမားတွေရဲ့ သူ့ကျွန်ဘဝကနေ ဗိုလ်မင်းအောင်လှိုင်၊ ဗိုလ်စိုးဝင်းတို့ရဲ့ စစ်ကျွန်ဘဝကို ပြောင်းလဲရောက်ရှိသွားတဲ့ ကျနော်တို့ရဲ့လက်ရှိဘဝတွေအတွက်၊ အနာဂတ်မျိုးဆက်တွေအတွက် ကျနော်တို့ ဘာလုပ်ကြမလဲ။

ကျိန်းသေတာကတော့ ကျနော်တို့ ဒုတိယမြောက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲကို ဆင်နွှဲကြရမှာပဲ ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ဆင်နွှဲခဲ့ကြတဲ့ လူထုစစ်ပွဲမျိုးနဲ့ တော်လှန်တိုက်ခိုက်ကြရမှာ ဖြစ်ပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) ကြီးလို တစ်မျိုးသားလုံးကို လွှမ်းခြုံနိုင်တဲ့ တပ်ပေါင်းစုကြီးကို ဖွဲ့စည်းကြပြီး အဲဒီဖဆပလအဖွဲ့ချုပ်ကြီးရဲ့ ဦးဆောင်မှုအောက်ကနေ တညီတညွတ်တည်း တိုက်ခဲ့ကြသလိုမျိုး တိုက်ကြရလိမ့်မယ်လို့ အခိုင်အမာ ယုံကြည်ပါတယ်။

ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့ကာကွယ်ရေးတပ်မတော် အပါအဝင် အင်အားစု အသီးသီး လူထုလူတန်းစားအသီးသီးက ဘုံရန်သူဖြစ်တဲ့ ဖက်ဆစ်ဂျပန်တွေကို မြန်မာ့မြေပေါ်က အပြီးအပိုင် မောင်းထုတ်ဖို့နဲ့ အမျိုးသား လွတ်လပ်ရေးကိုရယူဖို့ ရည်မှန်းချက်နဲ့ ဖဆပလအဖွဲ့ချုပ်ကြီးကို အခိုင်အမာ ဖွဲ့စည်းပြီး ညီညီညွတ်ညွတ် တိုက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ဒီနေ့လည်း ကျနော်တို့အားလုံးဟာ စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ပြည်သူ တစ်ရပ်လုံး လွတ်မြောက်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးရည်မှန်းချက်တွေ အောက်မှာ ဖဆပလအဖွဲ့ချုပ်ကြီးကဲ့သို့ တစ်မျိုးသားလုံးကို ကိုယ်စားပြုနိုင်တဲ့ တပ်ပေါင်းစုကြီးဖွဲ့စည်းပြီး တညီတညွတ် တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။

ကျနော်တို့အင်အားစုတွေကြားမှာ မတူတာတွေ၊ မတူနိုင်သေးတာတွေ၊ ဆက်ပြီး ညှိနှိုင်းသွားစရာတွေ အနည်းနဲ့အများ မုချ ရှိနေသေးတယ်ဆိုပေမဲ့ စောစောကပြောတဲ့ ဘုံအကျိုးစီးပွား ၃ ရပ်ရဲ့အောက်မှာ ကျနော်တို့ သဏ္ဍာန်အရရော အနှစ်သာရအရပါ မလွဲမသွေ ညီညွတ်ကြရပါလိမ့်မယ်။

ဘုံရန်သူဖြစ်တဲ့ စစ်အုပ်စုကို အထီးကျန်သည်ထက်ကျန်အောင် ထောင့်ကျဉ်းထဲမှာ ချောင်ပိတ်မိသွား အောင် သူ့ကိုဘက်ပေါင်းစုံကနေ ဟန်ချက်ညီပိတ်ဆို့ တိုက်ခိုက်ကြရပါလိမ့်မယ်။

လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှုတွေနဲ့ လက်နက်ကိုင်တိုက်ပွဲတွေကို ဟန်ချက်ညီ ပေါင်းစပ်ကြရပါလိမ့်မယ်။ ဒီလိုပဲ မြို့ပြပြောက်ကျားတိုက်ပွဲတွေနဲ့ လှုပ်ရှားစစ်ကြီးတွေ ဟန်ချက်ညီ အချိတ်အဆက်ရှိရှိ ပေါင်းစပ်ကြရ ပါလိမ့်မယ်။ လူမျိုးစုံပြည်လူထုကြီးရဲ့ သဏ္ဍာန်အမျိုးမျိုးသော တိုက်ပွဲများနဲ့ နိုင်ငံတကာရဲ့ ထောက်ခံဝန်းရံမှုကို ဟန်ချက်ညီ ပေါင်းစပ်ကြရပါလိမ့်မယ်။

နေရာဒေသအသီးသီးက တော်လှန်ရေးအင်အားစုအားလုံးအနေနဲ့ ၁၉၄၅ မတ်လတော်လှန်ရေး စိတ်ဓာတ်ကို ကိုင်စွဲကာ ဒုတိယမြောက် ဖက်ဆစ်တော်လှန်ရေး အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးကို ညီညွတ်စွာ၊ ပိုင်းဖြတ်မှုခိုင်မာစွာ ဆင်နွှဲပြီး မိမိတို့ပိုင် လွတ်လပ်ရေးရဲ့ အောင်သီးအောင်ပွင့်များကို မိမိရရ ပြန်လည်ရယူကြရပါလိမ့်မယ်။

***စစ်အုပ်စုကို သဏ္ဍာန်အမျိုးမျိုးနဲ့ တော်လှန်နေကြတဲ့ လူမျိုးစုံပြည်သူအပေါင်းကို အလေးပြုလျက်...***

**-လွန်းငွေငြိမ်း-**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၅ ရက်။

++++++++++++++ ဆောင်းပါး ++++++++++++++




## အမျိုးသမီးမဟာမိတ်အင်အားစုရဲ့ နွေဦးတော်လှန်ရေးလှုပ်ရှားမှု

ဒီနွေဦးတော်လှန်ရေးမှာ အမျိုးသမီးရေးလှုပ်ရှားမှုတွေနဲ့အတူ အမျိုးသမီးတပ်ပေါင်းစုပေါ်လာတာတွေ့ရပါတယ်။ နွေဦးတော်လှန်ရေးဟာ စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးသာမက လူ့အခွင့်အရေးယဉ်ကျေးမှု ထွန်းကားလာရေးအတွက်ပါ ရှေးရိုးစွဲအယူအဆနဲ့ ခေတ်နောက်ပြန် အတွေးအခေါ်တွေကို တဆက်တည်းတိုက်ပွဲဝင်လာကြတဲ့ အမျိုးသမီးစစ်သည်တော်တွေကိုလည်း တွေ့မြင်လာရပါတယ်။

အခုဒီနွေဦးတော်လှန်ရေးကနေ စတင်သန္ဓေတည်လာခဲ့တဲ့ အမျိုးသမီးမဟာမိတ်အင်အားစုဆိုတဲ့ အမျိုးသမီးအဖွဲ့ကို မေးခွန်းတချို့မေးဖြစ်ခဲ့ပါတယ်။

***မေး ။ ။ စစ်အာဏာရှင်ကို တိုက်ဖို့ တိုက်ပွဲအင်အားကို အမျိုးသမီးတွေချည်း စုဖို့လိုလို့လား။ ဘာကြောင့်လဲ။***

***ဖြေ ။*** ။ လိုအပ်ပါတယ်။ ဒီနွေဦးတော်လှန်ရေးကာလမှာ အမျိုးသမီးတွေဟာ တော်လှန်ရေးနှစ်ခုကို တစ်ပြိုင်တည်း တိုက်ရပါတယ်။ ပထမတော်လှန်ရေးကတော့ ပြည်သူလူထုအားလုံးရဲ့ ဘုံတော်လှန်ရေးပန်းတိုင်ဖြစ်တဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်တိုက်ထုတ်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်အသစ်တည်ဆောက်ရေး ဖြစ်ပါတယ်။ ဒုတိယတော်လှန်ရေးကတော့ ရှေးရိုးစွဲအယူအဆများ၊ ဖိုဝါဒကြီးစိုးမှုများကို တိုက်ထုတ်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်ဦးဆောင်မှု မြှင့်တင်ရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ၂၀၂၁ စစ်အာဏာသိမ်းမှုမတိုင်မီ ကာလများကတည်းက အမျိုးသမီးများသည် အဖိနှိပ်ခံ၊ လိင်အကြမ်းဖက်ခံ၊ ဖိုဝါဒကြီးစိုးမှု၏ သက်ရောက်မှုများကို ဆက်တိုက်တွေ့ကြုံခံစားခဲ့ရပါတယ်။ ဒီအတွက်ကြောင့် ကျမတို့အမျိုးသမီးတွေဟာ အင်အားစုများ စုစည်းပြီးတော့ ဒီနွေဦးတော်လှန်ရေးရဲ့ စစ်ကောင်စီဖြုတ်ချရေးထောက်တိုင်အသီးသီးမှာ အင်တိုက်အားတိုက်ဖြင့် ပါဝင်နေရခြင်းဖြစ်တယ်။

***တဖက်စာမျက်နှာသို့...***

***မေး ။ ။ ဖက်ဒရယ်နိုင်ငံဖြစ်ပေါ်လာရင် အမျိုးသမီးတွေအတွက် ရင်ဆိုင်မှုက ဘာဖြစ်မလဲ။***

***ဖြေ ။*** ။ ကျမတို့တည်ဆောက်ချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ်ဆိုတာ လွတ်လပ်မှု၊ တရားမျှတမှု၊ သာတူညီမျှရှိမှုနဲ့ လူနည်းစုအခွင့်အရေးကို လေးစားတန်ဖိုးထားပြီး အကာအကွယ်ပေးတဲ့ နိုင်ငံတော်သစ်တရပ်ကို ဆိုလိုချင်တာဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျမတို့အခုကတည်းက မြေပြင်မှာ အသံလွှင့်ထုတောင်းဆိုနေကြခြင်း ဖြစ်ပါတယ်။ ကျမတို့ အမျိုးသမီးမဟာမိတ်အင်အားစုရဲ့ မျှော်မှန်းချက်ပန်းတိုင်ထဲမှာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးကာလတွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်ဦးဆောင်မှုနဲ့ ပတ်သက်ပြီး ထည့်သွင်းထားပါတယ်။ ကျမတို့နိုင်ငံရဲ့ နိုင်ငံတည်ဆောက်ရေး အခန်းကဏ္ဍတွေမှာ အမျိုးသမီး ပါဝင်ဦးဆောင်မှုအားနည်းချက်နဲ့ပတ်သက်ပြီး အမြဲတမ်းလိုလိုတိုက်တွန်းနေရပါတယ်။ ဒါကြောင့်မို့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာတဲ့အခါမှာလည်း အမျိုးသမီးတွေအတွက်စိန်ခေါ်မှုက ရှေးရိုးစွဲအယူအဆများ၊ ဖိုဝါဒကြီးစိုးမှုများပဲ ဖြစ်ပါလိမ့်မယ်။

***မေး ။ ။ အမျိုးသမီးအခွင့်အရေးဆိုတာ တောင်းဆိုရတာလား၊ ဘာကြောင့်လဲ။***

***ဖြေ ။*** ။ ကျမတို့နိုင်ငံမှာ ပဒေသရာဇ်ခေတ်ကစပြီး ဒီနေ့အထိ အမျိုးသမီးတွေအပေါ်မှာ ဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းတွေကို ဖြစ်ပေါ်စေတဲ့ ဘာသာရေးအယူအဆ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေဟာ ကြီးစိုးနေဆဲဖြစ်ပါတယ်။ ဖိုဝါဒကြီးစိုးမှုရဲ့ နောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်အကြမ်းဖက်မှု အစရှိတဲ့ အမျိုးမျိုးသော ဖိနှိပ်ခံရမှုတွေဟာ ကျမတို့အမျိုးသမီးတွေအနေနဲ့ ဒီကနေ့ အချိန်ထိတွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ကျမတို့နိုင်ငံရဲ့ တလွဲဘာသာရေး အယူအဆနှင့် တလွဲဓလေ့ထုံးတမ်းတွေကြောင့် အမျိုးသမီးတွေဟာ နေ့စဉ်နှင့်အမျှ လူ့အခွင့်အရေး ချိုးဖောက်ခံနေရပါတယ်။ မြန်မာနိုင်ငံမှာ Gender Equality ဆိုင်ရာ စံနှုန်းစံထားများ အပြည့်အဝမရှိသေးတဲ့အတွက် ယခုလိုအင်အားစုများစုဖွဲ့ပြီး ကျမတို့ အခွင့်အရေးအတွက် အသံလွှင့်ထု တိုက်ပွဲဝင်တောင်းဆိုရခြင်း ဖြစ်တယ်။

**မေစစ်မုန်း**




++++++++++++++ အင်တာဗျူး ++++++++++++++



# အမျိုးသမီးနဲ့နိုင်ငံရေး၊ တော်လှန်ရေးခရီးလမ်း

ကြယ်စင်မြစ်



ကျမတို့နိုင်ငံမှာ အမျိုးသမီးတွေအတွက် စိန်ခေါ်မှုတွေက အတော်လေးများပါတယ်။ နိုင်ငံရေးနယ်ပယ်က အမျိုးသမီးတွေအတွက်ဆိုရင် စိန်ခေါ်မှုတွေက ပိုလို့တောင်မှ များပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ကျမတို့နိုင်ငံမှာ အမျိုးသမီးတွေအပေါ် အလေးထားမှုက တစုံတရာနည်းပါးနေသေးလို့ပါပဲ။ ကျားမတန်းတူညီမျှမှု၊ အမျိုးသမီးများရဲ့ပါဝင်မှု၊ ဦးဆောင်မှုအခန်းကဏ္ဍကို လက်ခံတယ်လို့ ပြောကြပေမယ့် မူကသာကျပြီး လူကတော့ သိပ်မကျသေးတာကို တွေ့နေရပါတယ်။

နိုင်ငံရေးဆိုတာ ယောကျ်ားတွေပဲ လုပ်ရမယ့်အလုပ်လို့ အတော်များများက ယူဆထားကြလေတော့ အမျိုးသမီးတွေ နိုင်ငံရေးလုပ်ရင် မအပ်မရာအလုပ်ကို လုပ်တယ်ဆိုတဲ့ပုံစံမျိုး မြင်တတ်ကြပါတယ်။ ရွေးကောက်ပွဲလို အခင်းအကျင်းမျိုးမှာ ဒါကိုပိုပြီးတော့ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ မဲဆန္ဒရှင်တွေက အမျိုးသမီးကိုယ်စားလှယ်လောင်းတွေထက် အမျိုးသားကိုယ်စားလှယ်လောင်းတွေကို ပိုပြီးမဲထည့်ကြတာ တွေ့ရတယ်။ အမျိုးသမီးမဲဆန္ဒရှင်တွေ ကိုယ်တိုင်တောင်မှပဲ ကိုယ်စားလှယ်လောင်းချင်းအတူတူ၊ အရည်အချင်းရှိတာချင်း အတူတူကို အမျိုးသားတွေကို မဲပေးတဲ့ရာခိုင်နှုန်း ပိုများတာကို တွေ့ရတယ်။ အမျိုးသမီးတွေက အမျိုးသားတွေလို စွမ်းဆောင်နိုင်ပါ့မလားလို့ သံသယ ဖြစ်ကြတာ မျိုးတွေလည်း တွေ့ရပါတယ်။ ဒါတွေရဲ့ အကြောင်းရင်းခံကတော့ ကျမတို့ လူ့အဖွဲ့အစည်းကိုယ်၌က ပဒေသရာဇ်ဆန်တဲ့ အတွေးအခေါ်တွေ လွှမ်းမိုး နေသေးတယ်၊ ရှေးကတည်းကစွဲကပ်နေတဲ့ မဟာဖိုဝါဒအားကောင်းနေ သေးတယ်ဆိုတာ သွားတွေ့ရပါတယ်။

+++++++++++++ ဆောင်းပါး +++++++++++++

ကနေ့ နွေဦးတော်လှန်ရေးကတော့ အဲဒီအတွေးအခေါ်ဟောင်းတွေ၊ ခေတ်ဟောင်း စနစ်ဟောင်းတွေ၊ ကျမတို့ လူ့အဖွဲ့အစည်းအတွင်းမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို ပြောင်းပြန်လှန်ပစ်ရမယ်လို့ မီးမောင်းထိုးပြလိုက်တာ ဖြစ်ပါတယ်။ စစ်ကောင်စီရဲ့ တရားမဲ့ အကြမ်းဖက်ဖိနှိပ်မှုတွေကို ခုခံ တော်လှန်ကြတဲ့အခါ ကျမတို့ အမျိုးသမီးတွေလည်း နွေဦးတော်လှန်ရေးအတွက် နိုင်တဲ့တာဝန်ကို ဝင်ထမ်းကြတာ တွေ့ရတယ်။ ထူးခြားချက်တခုအနေနဲ့ မြောင်အမျိုးသမီးတပ်ဖွဲ့လို အမျိုးသမီးတပ်တွေ ပေါ်လာတဲ့အပြင် တခြားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေမှာလည်း အမျိုးသမီးပါဝင်မှုက အတိုင်းအတာတခုအထိ များပြားတာကို တွေ့ရပါတယ်။ အမျိုးသမီးတပ်တွေက အခြားအဖွဲ့ တွေနဲ့ပူးပေါင်းပြီး စစ်ဆင်ရေးလုပ်လာတာ၊ ကျား၊ မ မခွဲခြားဘဲ တော်လှန်ရေးတာဝန်တွေကို ထမ်းဆောင်လာတာက ကောင်းတဲ့ကိစ္စဖြစ်တယ်။ အမျိုးသမီးတွေတော်လှန်ရေးမှာ ပါဝင်လာတာဟာ အားလုံးပါဝင်လာစေဖို့ ဆွဲဆောင်နိုင်တဲ့ တွန်းအားတရပ်လည်း ဖြစ်ပါတယ်။




တော်လှန်ရေးအောင်မြင်ဖို့အတွက် ကျရာနေရာကနေ ဝိုင်းဝန်း အားဖြည့်ကူညီတာက ကျမတို့တိုင်းပြည်ရဲ့ ဒီကနေ့ အမျိုးသားရေးတာဝန်ပဲ ဖြစ်ပါတယ်။ ၈၈ အရေးတော်ပုံကြီးတုန်းက မြေပေါ်မှာ ပါတီထောင်၊ ရွေးကောက်ပွဲဝင်ဆိုတဲ့ နိုင်ငံရေးလမ်းကြောင်းရှိသလို တောခို လက်နက်ကိုင်တော်လှန်ရေးလုပ်မယ်ဆိုတဲ့ လမ်းကြောင်းလည်း အခိုင်အမာ ရှိခဲ့တယ်။ အဲဒီလမ်းကြောင်း နှစ်ခုစလုံးမှာ အမျိုးသမီးတွေ အများ အပြား ပါဝင်ခဲ့သလိုပဲ အခုလိုမျိုး မဖြစ်မနေ လက်နက်ကိုင်လာရတဲ့ အခြေအနေမှာ အမျိုးသမီးစစ်သည် တော်တပ်ပေါ်လာတာက သဘာဝကျတဲ့ အနေအထားတခုပါပဲ။ ဆိုတော့ကာ ဒီလှုပ်ရှားမှုကြီးတစ်ခုလုံးမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုက တော်တော်ကိုကြီးကြီးမားမားရှိနေတာ တွေ့ရတယ်။ ဒါက ဒီတော်လှန်ရေးရဲ့ ထူးခြားချက်ဖြစ်ပါတယ်။

***တဖက်စာမျက်နှာသို့...***

++++++++++++++ ဆောင်းပါး ++++++++++++++

ဒီကနေ့ တော်လှန်ရေးမှာ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှစ်စနစ် အားလုံးကိုဖျက်သိမ်းမယ်၊ ဖက်ဒရယ်ဒီမိုကရေစီကို အတူတကွတည်ဆောက်ကြမယ်၊ ရိုင်းစိုင်းရက်စက်ယုတ်မာမှုတွေကို တရံမလပ်ကျူးလွန်နေတဲ့ ဖက်ဆစ်စစ်တပ်မျိုးမဟုတ်တဲ့ ဖက်ဒရယ်တပ်မတော်ကိုသာ အလိုရှိတယ်ဆိုတဲ့ သဘောထားက ကျမတို့ လူထုကြားမှာ ကျပြီးဖြစ်တယ်။ လက်ရှိအခြေအနေတွေအပေါ်မှာ အားမလို အားမရဖြစ်ရမှုတွေ၊ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ ရှိလည်း ရှိနေပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တယောက်ပြောဖူးသလိုပဲ တချို့သူတွေ၊ တချို့အဖွဲ့အစည်းတွေအတွက်တော့ သင်ယူဆဲကာလလည်း ဖြစ်နိုင်ပါတယ်။ ဒီကာလကို အမြန်ဆုံးလွန်မြောက်နိုင်ဖို့တော့ လိုတယ်။

ကျမအနေနဲ့ကတော့ ခုရရှိချက်တွေဟာ ဘယ်တဦးတယောက်၊ တစုတဖွဲ့ရဲ့ ရလဒ်မှမဟုတ်ဘူး။ ကျမတို့အားလုံးရဲ့ ရလဒ်ဖြစ်တယ်လို့ ယုံကြည်တယ်။ ကျမရဲ့နားလည်ချက်ကတော့ ဒီအခင်းအကျင်းမှာ စစ်အာဏာရှင်စနစ်ကို ဖယ်ထုတ်ဖို့ အဆုံးသတ်ဖို့ ကြိုးစားကြရင်း တခါမှမရရှိဖူးတဲ့ ညီညွတ်ရေးကို ရရှိနေတယ်၊ ဒီလိုရရှိနေတဲ့ ညီညွတ်ရေးကို ထိန်းသိမ်းပြီး ကျမတို့တိုင်းပြည်ရဲ့ အမျိုးသားသွေးစည်းညီညွတ်မှုကို အမိအရ ဆုပ်ကိုင်နိုင်ဖို့ လိုပါတယ်။ အဲဒီကနေမှ လွတ်လပ်မှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုတွေရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီ အရောက်ချီတက်ကြပါစို့လို့ ပြောချင်ပါတယ်။

***အရေးတော်ပုံ....အောင်ကို အောင်ရမယ်....***

ကြယ်စင်မြစ်



ဓာတ်ပုံ – ပုဇွန်တောင်ဗိုလ်တထောင်လူငယ်များသပိတ်ကော်မတီ PBYSC

++++++++++++++ ဆောင်းပါး ++++++++++++++



# ညီညွတ်ရေးလက်တွေ့

ဇောဝင်း

အခြေခံအားဖြင့် ညီညွတ်တာကောင်းတယ်၊ စုစည်းတာအားရှိတယ် ....ဆိုတဲ့အကြောင်း လူတိုင်းသိ၊ အင်အားစုတိုင်း သိကြတယ်လို့ ပြောလို့ ရတယ်။ ထင်းစည်း–ထင်းချောင်း ....ကလေးပုံပြင်ကစလို့၊ တပ်ပေါင်းစုနဲ့ အောင်ပွဲခံ ....ဆိုတဲ့ ကြွေးကြော်သံအထိ အများစု ကြားဖူးကြမှာပဲ။

တကယ့် လက်တွေ့တိုက်ပွဲကလည်း ကိုယ်ချည်းထီးတည်းမရဘူး .... ဆိုတာကို နားမလည်ချင်လို့မရဘူး။ သမဂ္ဂတွေစုဖွဲ့ တိုက်ပွဲဆင်ကြတယ်၊ သပိတ်ကော်မတီတွေစုစည်း၊ ပေါင်းစည်းဖို့လုပ်ကြတယ်၊ မြို့ပြ အုံကြွမှုနဲ့ လက်နက်ကိုင်တော်လှန်ရေး ဆက်စပ်ဖို့ကြိုးစားကြတယ်၊ လက်နက်ကိုင် အင်အားစုအချင်းချင်း မဟာမိတ်ဖွဲ့ဖို့အားထုတ်ကြ တပ်ပေါင်းစုဖော် ဆောင်ရေး ကြိုးပမ်းကြတယ်။ နယ်ချဲ့ကိုလိုနီဆန့်ကျင်ရေးကာလ၊ ဖက်ဆစ် ဆန့်ကျင်ရေးကာလ၊ ဖဆ ဆိုရှယ်အစိုးရ ဖိနှိပ်မှုကို အန်တုတဲ့ကာလ၊ မဆလ အရေခြုံ စစ်အုပ်စုကိုဖြုတ်ချဖို့ ကြိုးစားခဲ့တဲ့ (၁၉၆၂–၁၉၈၈) တိုက်ပွဲကာ လ၊ (၁၉၈၈–၂၀၁၀)၊ (၂၀၁၀–၂၀၂၀) ... စသည်ဖြင့် ရှည်လျားတဲ့ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးတလျှောက်လုံး ညီညွတ်ဖို့ လိုတယ်ဆိုတာ သင်ယူခဲ့ကြရတယ်။ ညီညွတ်ရေးဆိုတာ တော်လှန်ရေး ဘက်တော်သားများရဲ့အကြိုက် ...၊ မညီညွတ်တာ ထက်စာရင် အောင်ပွဲနဲ့ ပိုနီးတယ် .... ဆိုတာ လူတိုင်းသိ၊ အင်အားစုတိုင်း သိကြတယ်။ **"ညီညွတ်ရေး" "ညီညွတ်ရေး"** ....လို့ အားလုံးသံပြိုင်အသံမြည်တယ်။

+++++++++++++ ဆောင်းပါး +++++++++++++

တကယ့်ညီညွတ်ရေးလက်တွေ့က အဲ့ဒီအခြေခံသိလောက်နဲ့ တည်ဆောက်လို့မရဘဲ ဖြစ်တယ်။ ဖြစ်ခဲ့တယ်၊ ဖြစ်မြဲဖြစ်နေဆဲ ဖြစ်တယ်။

ညီတာက ကောင်းတယ်၊ ပေါင်းတာက အားရှိတယ်၊ မှန်တယ် သို့သော် ....

**'သူ့အကျိုး၊ သူ့နေရာ၊ သူ့အဆင့်အတန်းမှ သူနားလည်သိတတ် ဂုဏ်တင်ဦးစားပေးတတ်တယ်၊ တပါးတခြားအင်အားစု ပုဂ္ဂိုလ်များရဲ့ အခန်းကဏ္ဍအသိအမှတ်မပြု၊ တန်းတူမထား၊ သူ့နိုင်ငံရေးသူထူထောင်၊ အခြားနိုင်ငံရေးမလေးစား၊ ဖယ်ထား နှိမ်ထား ကန့်ထားတယ်၊ ပေါင်းရင်အားဖြစ်တာသိတော့ ပေါင်းတော့ပေါင်းချင်တယ် သဘောထားကြီးမှုအခြေခံနဲ့ မပေါင်းချင်ဘူး၊ အပေါ်စီးက ပေါင်းချင်တယ်၊ ကိုယ်သာဆရာအဖြစ်ပေါင်းချင်တယ်၊ နေရာတကာငါသာလျှင် .... တမိုးလုံးဖျောက်ဆိတ်မှုနဲ့ ပေါင်းချင်တယ်'**

အဲ့ဒီအင်အားစုမျိုးနဲ့ ငါတို့ဘယ်လိုညီညွတ်လို့ရနိုင်မှာလဲ ...၊ တန်းတူမှုကို တိုက်ပွဲကာလမှာကတည်းကသွေဖည်နေရင် အဲ့ဒီအင်အားစုမျိုးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဘယ်လိုမျိုးအတူထူထောင်ကြမလဲ ....စတဲ့ တွေးစရာ၊ မေးစရာတွေ ရှိလာတယ်။ အဲ့ဒါ ညီညွတ်ရေးလက်တွေ့လို့ဆိုချင်ပါတယ်။ အထက်ကအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်ကို ဖြစ်နိုင်သမျှပိုင်းဆစ်ဖော်ပြကြည့်တာဟာ အဲ့ဒီညီညွတ်ရေးလက်တွေ့ကိုဘယ်လိုဖြတ်ကြမလဲ၊ အောင်အောင်မြင်မြင် ဘယ်လိုတည်ဆောက်နိုင်မှာလဲ .... ဆိုတာတွေကို တခေါင်း–တဉာဏ်ဆိုသလို ဝိုင်းပြီးဦးကျောက်မုန်တိုင်းဆင်ကြရအောင် အစပျိုးကြည့်တာပါ။ ဦးကျောက်မုန်တိုင်းဆင်လို့ရလာတဲ့ ဖြစ်နိုင်ခြေတွေကိုလည်း လက်တွေ့နဲ့ထပ်စမ်းသပ်၊ ပြီးရင်ပြန်သုံးသပ် ပြင်ဆင် တကယ့်အလုပ်တွေနဲ့ ထပ်မီးဆေး ကြရပါလိမ့်ဦးမယ်။

ကျနော်သုံးသပ်မိတာက ဖက်ဆစ်တော်လှန်ရေးလက်နက်ကိုင်တိုက်ပွဲဖြတ်သန်းမှု တခုတည်းမှာပဲ ညီညွတ်ရေးလက်တွေ့ကို ရလဒ်ကောင်းထွက်အောင် ကျနော်တို့ပြည်သူတွေ စွမ်းဆောင်နိုင်ခဲ့တယ်လို့ ဆိုရပါမယ်။ ပြင်းထန်တဲ့ တပြေးညီဖိနှိပ်မှုကို ခံစားကြရတာ အခြေခံကျတဲ့အချက်ဖြစ်နိုင်တယ်။ သို့သော် အကျိုးရလဒ်တခုဟာ အကြောင်းအချက်တခုတည်းကြောင့် ဖြစ်ပေါ်တယ်လို့ မဆိုနိုင်ပါ။ ကျောင်းသင်ဒဿနိကသင်ခန်းစာမှာတော့ အကြောင်းတရားတွေရဲ့ လုံလောက်စွာ ပေါင်းစည်းမှုကနေ အကျိုးရလဒ်တခု ဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် တိုက်ဆိုင်ပေါင်းစည်းမိတဲ့ အခြားအကြောင်းအချက်များစွာ ပါနိုင်ပါသေးတယ်။ ဆိုပါစို့ရဲ့... နိုင်ငံတကာရဲ့ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ သဏ္ဌာန်အရ အားကြီးတယ် ယူဆရတဲ့ အင်အားစု (သို့မဟုတ်) အင်အားစုများရဲ့ သဘောထားကြီးမှု၊ အမြော်အမြင်ကြီးမှုအခြေခံနဲ့ ပူးပေါင်းမှု ....စတာတွေ ပါနိုင်ပါတယ်။ ဝိုင်းပြီး ဦးကျောက်မုန်တိုင်းဆင်ကြတဲ့အခါ ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းအချက်တွေ ထပ်ပေါ်လာနိုင်ပါသေးတယ်။

++++++++++++++ ဆောင်းပါး ++++++++++++++

နောက်တချက် ကျနော့်နားလည်မှုက အခြေခံအကျိုးစီးပွား ကွဲလွဲနေသူတွေကြား ညီညွတ်မှု တည်ဆောက်မရနိုင်ပါဘူး။ နောက်တခြားတချက်အနေနဲ့ကလည်း အပြောနဲ့ အပြနဲ့ (ခေတ်စကားပြောရရင် ကြော်ငြာလုပ်တာ၊ ဂျင်းထည့်တဲ့ ညီညွတ်ရေးပေါ့) အဲ့ဒါမျိုးနဲ့ ညီညွတ်ရေးလုပ်လို့ မရပါဘူး။ အလုပ်နဲ့ တည်ဆောက်မှညီမှာပါ။ ညီနိုင်တဲ့အလုပ်တွေ တွေ့အောင်ရှာ၊ ညီနိုင်တာတွေ ရွေးပြီး ပေါင်းလုပ်ကြ ....ဒါမျိုးမှ ညီညွတ်မှုတည်ဆောက်ရနိုင်မှာပါ။

ဒီနေ့ နွေဦးတော်လှန်ရေး (ဖေဖေါ်ဝါရီ) ဟာ လူထုတိုက်ပွဲနဲ့ တာထွက်ပါတယ်။ လူထုတိုက်ပွဲအတွင်းမှာပဲ လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေဟာ ဖြစ်နိုင်သမျှ တစိတ်တပိုင်းညီညွတ်ရေးကို ကိုင်ဆုပ်မိတယ်။ “၂၀၀၈ ဖျက်၊ စစ်အာဏာရှင် သုတ်သင်၊ မတရားဖိနှိပ်မှုတွေ ဖျက်သိမ်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက် ” ဆိုတာ အခြေခံ ဘုံတူတဲ့ အကျိုးစီးပွားကို ဖေါ်ထုတ်လိုက်နိုင်တာပဲ ဖြစ်တယ်။ သို့သော် တိုက်ပွဲကမပြီးမပြတ်ဘူး။ ပြည်သူတွေရဲ့ ရန်သူစစ်အုပ်စုက အကြမ်းတမ်း၊ အရမ်းကားဆုံး တုန့်ပြန်တယ်။ တလအတွင်းမှာပဲ ပြင်းထန် ကြမ်းကြုတ်လွန်းတဲ့ ဖိနှိပ်မှုတွေနဲ့ ပြည်သူ့ရန်သူ စစ်အုပ်စုဟာ သူ့မျက်နှာဖုံးသူ ဆွဲခွာမိသွားတယ်။ သူဖေါ်တဲ့ဆေးက သူနဲ့ ဓာတ်မတည့် ဖြစ်သွားတယ်။ လက်နက်ကိုင်တိုက်ပွဲအပါဝင် တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ ပေါင်းစပ်ရေးဆီ ပြည်သူတွေရဲ့တိုက်ပွဲ လမ်းကြောင်းက ရောက်သွားတယ်။

ဒီနေရာမှာ ပြင်းထန်တဲ့ တပြေးညီ ဖိနှိပ်မှုကို ခံစားကြရတာ ဆိုတဲ့ အချက်မှာ ဖက်ဆစ်တော်လှန်ရေးကာလနဲ့ အတော် ဆင်တူမှုရှိသွားပါပြီ။ သို့ပေမယ့် ကျနော်တို့ရဲ့ ညီညွတ်ရေးလက်တွေ့က အကျပ်အတည်းရှိနေဆဲဖြစ်တယ်။ ဒါ့ကြောင့် ဖေဖေါ်ဝါရီ လူထုတိုက်ပွဲကာလ ဖမ်းဆုပ်မိကြတဲ့ ဘုံအကျိုးတူပူးပေါင်းမှုကို တစိတ်တပိုင်းညီညွတ်ရေးလို့ ကျနော် သမုတ်လိုက်တာပါ။

စစ်အာဏာရှင်ဆန့်ကျင်ရေးအင်အားစုအသီးသီးမှာ နိုင်ငံရေးအရ စိတ်ဖြာကြည့်ရင် လာရာနဲ့ လားရာတွေ မတူကြသလို ရင်ဆိုင်နေရတဲ့ စစ်မျက်နှာချင်း၊ အကျပ်အတည်းချင်းတွေ မတူကြပါဘူး။ ဒါက ညီညွတ်ရေးလက်တွေ့မှာ ထည့်မတွက်လို့မရတဲ့ တကယ့်အရှိတရားပါ။

ဒါ့ကြောင့် ပထမဆုံးအဆင့်အနေနဲ့ လက်တွေ့ ကျနော်တို့ ရရှိထားပြီးဖြစ်တဲ့ ဘုံအကျိုးတူ ပူးပေါင်းမှု တစိတ်တပိုင်း ညီညွတ်ရေး ဆိုတာကလေးကို လျှော့ကျမသွားအောင်၊ ယုတ်လျော့မသွားအောင် ထိန်းသိမ်းကြဖို့ အားထုတ်ကြရမယ်လို့ ဆိုချင်ပါတယ်။ ကျနော်တို့ပါတီရဲဘော်များအဖို့ ပါတီကအကြိမ်ကြိမ် တိုက်တွန်းနှိုးဆော်နေတဲ့ “ **တချက်တူ–တချက်ပေါင်း** ” ဆိုတဲ့ အလုပ်လမ်းညွှန်ကို မမေ့မလျော့ ဆုပ်ကိုင်ကြဖို့ အရေးကြီးပါတယ်။

အထက်က ....**“အဲ့ဒါမျိုးနဲ့ ဘယ်လိုပေါင်းရမလဲ၊ ဘယ်လိုတွဲလုပ်နိုင်မှာလဲ ”** ဆိုတဲ့ အမျိုးအစားအင်အားစုမျိုးကို ရဲဘော်တို့ တိုက်ပွဲကြားမှာ မကြုံချင်လည်း ကြုံကြရပါလိမ့်မယ်။ “ ဖက်ဆစ်တော်လှန်ရေးကို နမူနာယူကြ၊ ညီနိုင်တဲ့အလုပ်တွေ တွေ့အောင်ရှာ၊ ညီနိုင်တာတွေ ရွေးပြီး ပေါင်းလုပ်ကြ ” .... ဆိုတာဟာ ကျနော့်ရဲ့ ပဏာမတင်ပြချက် ဖြစ်ပါတယ်။ ညီညွတ်ရေးလက်တွေ့ကို အတူတူရှာဖွေဖြတ်သန်း တိုးချဲ့တည်ဆောက် ကြပါစို့။ ။

**စောဝင်း**

(၆၊ ၁၊ ၂၀၂၂)

++++++++++++++ ဆောင်းပါး ++++++++++++++

အတွဲ ၃၊ အမှတ် ၆
ဇန်နဝါရီလ၊ ၂၀၂၂။



# ညီညွတ်ရေးလက်တွေ့ကို အလုပ်နဲ့သက်သေထူကြ

Public Relation of DPNS